အလယ်ရွာကျေးရွာ
သန်လျင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

အလယ်ရွာကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အလယ်ရွာကျေးရွာ၊ သန်လျင်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်

ကျေးလက်နေပြည်သူများမှကူညီရေးဆွဲသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ လ

မာတိကာ

မာတိကာ

စကားချီး

အလယ်ရွာကျေးရွာ သယံဇာတပြေမြေပုံ၊ သန်လျင်မြို့နယ်

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) တည်နေရာနှင့် ပထဝီဝင် အနေအထား

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျား - မ ရေးရာကိစ္စရပ်ဆိုင်ရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ခုနှစ်အထိ(၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူး နှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာ တွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက် များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအစီအစဉ်တို့ပါဝင်ပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ လ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အလယ်ရွာကျေးရွာ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ စာပေပညာရှင်များ၊သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်ဌင်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာ

နိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်နှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ)စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂)တည်နေရာနှင့် ပထဝီဝင် အနေအထား

အလယ်ရွာကျေးရွာသည် သန်လျင်မြို့၏ အရှေ့တောင်အရပ်တွင်ရှိ၍ သန်လျင်-ကျောက်တန်းလမ်းမကြီးဘေးတွင်တည်ရှိပြီး သန်လျင်မြို့နှင့် ၄ မိုင်ကျော်ခန့်အကွာတွင်တည်ရှိ၍ လမ်းပန်းဆက်

သွယ်ရေးအရ အထူးကောင်းမွန်မှုရှိပြီး တစ်နှစ်ပတ်လုံးလွယ်ကူချောမွေ့စွာ သွားလာနိုင်သည်။ စက်ရုံအလုပ်ရုံများ၊ လက်သမား၊ ပန်ရံအလုပ်အကိုင်များနှင့် ကျပန်းအလုပ် လုပ်ကိုင်သူ များပြားလျက်ရှိပါသည်။

ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်းရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာသာမန်တွေ့ရများသော အပင်သာရှိသည်။ (ဥပမာ- ဒန့်ဒလွန်၊ ရဲယို၊ သဘော်ာ အစရှိသည့် အပင်များ)

(၃)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိရပ်မိ/ရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စများအားဆောင်ရွက်ခဲ့ပါသည်။ အဓိကအားဖြင့် ပြည်သူလူထုမတည်ငွေနှင့် လမ်းများပြုပြင်ခြင်း လုပ်ငန်းများသာ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာရှိ အမျိုးသမီးများနှင့် လူငယ်များအဖွဲ့ သီးသန့်မရှိဘဲ ရပ်ရွာကိစ္စများဖြစ်ပေါ်လာလျှင် ဝိုင်းဝန်းကူညီလေ့ရှိပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိက ဝင်ငွေရလုပ်ငန်းသည် စက်ရုံလုပ်သားအဖြစ် လုပ်ကိုင်သူများဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိသည်။ ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏၄၀%သည် ကျူးကျော်နေထိုင်ရသူများဖြစ်ကာ မပြေလည်နှင့် အလွန်မပြေလည် အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၂၄.၈၇% သည် ချမ်းသာသည့်အဆင့်၊ ၃၅.၁၃% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်သည်။ ကျေးရွာတွင်တစ်နိုင်တစ်ပိုင်မွေးမြူရေး၊စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်သူများ၊ အိမ်ဆိုင်၊ လက်သမား၊ ပန်းရံစသော အသေးစားလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် မပြေလည်အဆင့်သည် ကျေးရွာတွင် အတော်အတန်ရှိပြီး စက်ရုံအလုပ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် ကျူးကျော် အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၄၀%)ထိရှိကာ မပြေလည်၊ အလွန်မပြေလည် အဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။ ကျေးရွာတွင် ကျူးကျော် အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက် ဗျက်ထိုးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများနှင့် စျေးရောင်းချခြင်း များဖြင့် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာအတွင်း၌ လယ်ယာမြေမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ မရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ငန်းအား အဓိကထားလုပ်ကိုင်ကြပြီးဆိတ်၊ကြက်၊ဘဲ မွေးမြူရေးကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းမှာ စက်ရုံ၊အလုပ်ရုံများ၊နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုး၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းသည် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည့်အသက်မွေးဝမ်းကျောင်းသင်တန်းများရှိကြသော်လည်းရွာသားအများစုသည်အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ အမျိုးသမီးအများစုသည် အထည်ချုပ် စက်ရုံတွင် လုပ်ကိုင်သူ များပြား သည်။

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

ကျေးရွာတွင် အနီးဆုံးဈေးသည် ဆားမလုံဈေးဖြစ်ပြီး အကြီးစားဈေးကွက်မှာ သန်လျင်မြို့မဈေး ဖြစ်သည်။ ၎င်းဈေးများမှ စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါး ပစ္စည်းများစွာ ဝယ်ယူရောင်းချနိုင်ပါသည်။ သန်လျင်မြို့မဈေးသို့ ပို့ဆောင်သွားလာရေး ဆက်သွယ်မှုသည် ကတ္တရာလမ်းဖြစ်ပြီး ကျေးရွာနှင့်

(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက်အထူးသဖြင့် ဈေးရောင်းချရန်အရင်းအနှီးအတွက် အပေါင်ဆိုင်မှချေးယူကြပြီး ကျေးရွာတွင် ချေးငွေလို အပ်ချက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဈ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာရှိ ရွာတွင်းလမ်း တစ်ချို့မှာ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းအချို့ဖြစ်ပြီး၊ ရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ကာ ဆိုင်ကယ်များကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးနှင့် ထော်လာဂျီတို့ကိုအသုံးပြုလျက်ရှိကြသည်။ကျေးရွာရှိ အိမ်ထောင်စုအားလုံး လျှပ်စစ်မီးသုံးစွဲကြသည်။ ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်း နှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေး အခြေအနေတွင် ကျေးရွာအတွင်းတွင် မြေသားလမ်းများကွန်ကရစ်ခင်းရန် ကျန်ရှိနေပြီး ရွာပတ်လမ်းမှာ ပြည့်စုံစွာ ကွန်ကရစ်ခင်းထားမှု မရှိသေးပါ။ ရွာပတ်လမ်းခင်းနိုင်ရန်အတွက် မိမိတို့ကျေးရွာမှ ပြည်သူ့ထည့်ဝင်ငွေနှင့် မြို့နယ်မှ ဖွံ့ဖြိုးရေးရန်ပုံငွေထောက်ပံ့မှု ရရှိမှသာ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာရှိ အိမ်ထောင်စုအားလုံး လျှပ်စစ်မီးသုံးစွဲကြသဖြင့် ထင်းဖိုးသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့် အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို TV၊ ရေဒီယိုများ၊ အင်တာနက်များမှတစ်ဆင့် သိရှိရပါသည်။ ဖုန်းလိုင်းတွင် MPT ၊ Telenor ၊ Ooredoo ၊ Mytel လိုင်း (၄) မျိုးလုံးဖြင့် သုံးစွဲနိုင်သည်။

(ဃ) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် နည်းပါးသည်။ ပညာရေးအပေါ် ကျောင်းသားမိဘများ၏ စိတ်ဝင်စားမှု၊ ပံ့ပိုးမြှုပ်နှံမှုများ မြင့်မားပြီး ကျေးရွာ၏ ပညာရေးအလားအလာမှာ ကောင်းမွန်ပါသည်။

(ဂ) ကျန်းမာရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးများ ဖြစ်လေ့ရှိပြီး တီဘီ၊ ဆီးချိုနှင့်သွေးတိုးရောဂါများ အနည်းငယ်ဖြစ်ကြောင်း တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်ပြီး ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာတစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။အခါအားလျော်စွာမိုးခေါင်ခြင်းကသဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ခိုက်ခံရသောအခါ

ထိခိုက်မှု အနေအထားအားဖြင့် ကြီးကြီးမားမား မရှိခဲ့ပါ။ သစ်ပင်များ ပြိုလဲပျက်စီးခြင်းနှင့် အမိုး အကာများ ပျက်စီးခြင်းတို့ကို ရွာသူ/သားများ စုပေါင်းအင်အားဖြင့် သစ်ပင်များခုတ်ထွင် ရှင်းလင်း ခြင်း၊ အမိုးအကာများကိုလည်း မိမိတို့တတ်နိုင်သည့် အင်အားဖြင့် ပြန်လည်ပြုပြင်ခဲ့ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထိခိုက်မှုများ လျော့ချ နိုင်ရန် ကြိုတင်လုပ်ဆောင်မှုများမရှိသေးပါ။ သို့သော် မိုးလေဝသသတင်းများအား အချိန်နှင့် တပြေး ညီ သိရှိနိုင်စေရန် အိမ်တိုင်း၌ ရေဒီယို၊ တီဗီ စသည်တို့အား ဖွင့်လှစ်ကြည့်ရှုနားထောင်နေကြ ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှု အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထား ကြသည်။ ကျေးရွာတွင်း ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ခံ ခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များ တွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ရမှု တူညီသော်လည်း အမျိုးသမီးများ သည် အမျိုးသားများထက် လုပ်အားခ လျော့ နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှု မရှိပါ။ ကျားမ တန်းတူ ညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှု တို့ အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုး ရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်း စနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန် လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစား ပေး စီမံချက် လုပ်ငန်း များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ဘပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁	ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း (၆၀၀'× ၁၀ '×၆")	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂	လမ်းဘေးဝဲယာရေနုတ်မြောင်းအုတ်စီခြင်း	၈	၉	၁၀	၇	၆	၈	၉	၁၀	၉	၁၀	၈၆	၂
၃	ရွာလမ်းမကြီးကွန်ကရစ်ခင်းခြင်း	၁၀	၈	၁၀	၉	၉	၇	၆	၉	၁၀	၅	၈၃	၃

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စဉ်	စီမံချက်	အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း (၆၀၀'× ၁၀ '×၆")	၁	----				
၂	လမ်းဘေးဝဲယာရေနုတ်မြောင်း အုတ်စီခြင်း	၂		----			
၃	ရွာလမ်းမကြီးကွန်ကရစ်ခင်းခြင်း	၃			----		

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလက်စွဲစာအုပ်၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ။

၂။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ကျောင်းကုန်းဆိပ်ကြီး ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သော ကျေးရွာ အခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ။

၃။ ၂၀၂၁ခုနှစ် ဧပြီလတွင် အလယ်ရွာကျေးရွာမှ ကျင်းပပြုလုပ်ခဲ့သော ကျေးရွာအခြေအနေကိုရွာသူ/ သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ။

အလယ်ရွာ ကျေးရွာ၊ လက်ယက်စမ်း ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကိုကိုဇော်	ဦးလှမြင့်	၁၂/ဥကမ(နိုင်) ၀၇၂၉၇၈	၅၆	ဥက္ကဋ္ဌ	၀၉ ၂၅၁၀၆၄၄၆၂
၂	ဦးအေးခိုင်	ဦးထွန်းလူ	၁၂/ကတန(နိုင်) ၁၁၂၅၅၂	၅၈	ဘဏ္ဍာရေးမှူး	၀၉ ၇၉၁၆၆၀၇၇၂
၃	ဦးနန်းဝင်း	ဦးသန်းဖေ	၁၂/သလန(နိုင်) ၁၁၂၂၉၇	၄၀	စာရင်းကိုင်	၀၉ ၇၈၂၂၃၃၉၉၇
၄	ဦးကျော်ဌေး	ဦးစိန်မောင်	၁၂/သလန(နိုင်) ၁၉၉၉၄၁	၅၀	အဖွဲ့ဝင်	၀၉ ၇၉၁၆၅၄၉၆
၅	ဒေါ်ညွန့်ညွန့်အေး	ဦးလှထွန်း	၁၂/သကတ(နိုင်) ၁၁၃၀၁၈	၅၉	အဖွဲ့ဝင်	၀၉ ၄၄၁၃၉၈၃၂
၆	ဦးအုန်းကြိုင်	ဦးအုန်းမောင်	၁၂/သလန(နိုင်) ၁၀၁၂၈၆	၆၀	အဖွဲ့ဝင်	၀၉ ၇၉၆၃၄၉၈၃၇
၇	ဦးညွန့်ဝင်း	ဦးကျော်အေး	၁၂/သလန(နိုင်) ၀၅၈၉၄၄	၅၁	အတွင်းရေးမှူး	၀၉ ၇၉၆၆၆၄၀၁၆

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂၁	၂၉	၅၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄၂	၄၇	၈၉		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၆	၆၉	၁၃၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆၄	၆၃	၁၃၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၆၂	၉၃၅	၁၈၀၇		
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၅၇	၉၅	၁၅၂		
စုစုပေါင်း		**၁၁၁၂**	**၁၂၅၈**	**၂၃၇၀**		
စုစုပေါင်း အိမ်ထောင်စု		**၈၅၉**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာသည် အိမ်ထောင်စု (၈၅၉) စု၊ လူဦးရေ (၂၃၇၀) ဦးရှိပါသည်။အလယ်ရွာကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၂.၁၁%)၊(၅)နှစ်အောက်ကလေးငယ် (၃.၇၆%)၊ မူလတန်းကျောင်းသားအရွယ် (၅.၇၀%)၊ အလယ်တန်း ကျောင်းသားအရွယ် (၅.၇၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၆.၂၄%)၊ သက်ကြီးရွယ်ကြီး (%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ တစ်ရွာလုံးရှိ လူဦးရေ၏ (၆.၄၁%) ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၈၇၂) ဦး၊ မ (၉၃၅) ဦး စုစုပေါင်း (၁၈၀၇) ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၆.၂၄%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀			မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၀			မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၃			မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃			မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃၅			မြင့် ☑ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂၄၅			မြင့် ☑ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅			မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀			မြင့် ☑ လတ် □ နိမ့် □
	အလုပ်သမား /	၅			မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ဝန်ထမ်း				
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇			မြင့် ☐ လတ် ☑ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀		၉	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀၀			မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄			မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀			မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀			မြင့် ☐ လတ် ☑ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈			မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄			မြင့် ☐ လတ် ☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၄			
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၃၅			မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	**၈၅၉**			☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာသည် လက်သမား၊ပန်းရံ လုပ်ငန်းကို အဓိကထား အသက်မွေးဝမ်း ကျောင်းပြုသော ကျေးရွာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာ ရှိ အိမ်ထောင်စု(၈၅၉) စုအနက် (၈၄)အိမ်သည် ကျပန်းလုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် အဓိက လုပ်ကိုင်ကြပြီး သီးနှံစိုက်ပျိုး လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ သီလဝါစက်မှုဇုန်နှင့် နီးသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရှိသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စ	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)	အနည်းဆုံး (ကျပ်)

ဦ			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	-	-	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၆၅၀၀	-	-	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၃၀၀၀	၈၀၀၀	၁၀၀၀၀	၇၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	–
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှု အပေါ်မူတည်ပြီး ကျား/မ ဝင်ငွေခြားနားရခြင်းမှာလည်း လုပ်အား စိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၀	ကောင်း □	သင့် □	ညံ့ □
ယာမြေ / တောင်ယာမြေ	-	ကောင်း □	သင့် □	ညံ့ □
ဥယျာဉ်ခြံမြေ	၇၀	ကောင်း □	သင့် □	ညံ့ □
ကိုင်း / ကျွန်းမြေ	–	ကောင်း □	သင့် □	ညံ့ □
ခနိတောမြေ	–	ကောင်း □	သင့် □	ညံ့ □
စားကျက်မြေ	–	ကောင်း □	သင့် □	ညံ့ □
မြေလွတ် မြေလပ်	-	ကောင်း □	သင့် □	ညံ့ □
စုစုပေါင်း	၁၃၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် စိုက်ပျိုးမြေဧက (၆၀)သာရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက် မျက် စသည်။)	များ□ သင့် □ နည်း□ မရှိ ☑	လွယ်□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□ သင့် □ နည်း□ မရှိ ☑	လွယ်□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□ သင့် □ နည်း□ မရှိ ☑	လွယ်□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□ သင့် □ နည်း□ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာ ပိုင်နက်အတွင်း တွင်းထွက် သယံဇာတများမရှိပါ၊ သဘာဝ အပင် မျိုးစိတ်များ နည်းပါးသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ် ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅၅	၂၅၀	၃၀၂	၁၅၂

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ အနည်းငယ်သာ လယ်ယာမြေ ကိုယ်ပိုင်များရှိပြီး ဝမ်းစာဖူလုံမှုရှိ၍ လုပ်သားများမှာလည်း နေ့စားလုပ်သားများဖြစ်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုအများစုသည် တစ်နည်းနည်းဖြင့် နပ်မှန်ထမင်းကို စားသုံး နိုင်ကြသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၃	၄	၇
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၄	၃	၇
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် ဖင့ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစုများက ပစ်မထားဘဲ သားသမီးများက အပြည့်အဝ ပြုစုပေးပါသည်။ မိသားစုများနှင့် အတူတကွ နေထိုင်ကြပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျော ညီထွေ ဖြစ်အောင် အစီအမံများ
	သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	
၁	မြစ်ရေကြီးမှု	✓			
၂	ရေကြီးခြင်း	✓			
၃	မုန်တိုင်း	✓			
၄	ဆူနာမီ	✓			
၅	တိုင်ဖွန်းမုန်တိုင်း	✓			
၆	လေဆင်နာမောင်း	✓			
၇	ငလျင်	✓			
၈	အပူလွန်ကဲခြင်း	✓			
၉	စိုက်ပျိုးမြေများတွင်ဆားငန်ရေဝင်ရောက်မှု	✓			
၁၀	အအေးလွန်ကဲခြင်း	✓			
၁၁	မိုးသီးမုန်တိုင်း	✓			
၁၂	မိုးခေါင်ခြင်း	✓			
၁၃	တောမီးလောင်ခြင်း	✓			
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			
၁၆	မြေပြိုခြင်း	✓			
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ)	✓			
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း	✓			
၂၀	သစ်တောပြုန်းတီးခြင်း	✓			
၂၁	ငှက်ဖျားရောဂါ	✓			
၂၂	တီဘီရောဂါ	✓			
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			
၂၄	ကူးစက်ရောဂါ	✓			

၂၅	ပြည်တွင်း ပဋိပက္ခ	✓			
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	✓			
၂၇	လူကုန်ကူးခြင်း	✓			
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း စသည်	✓			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီး ခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ ရွာသား များ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် သဘာဝဘေးအဘေး အန္တရာယ်ဆိုးဆိုရွားရွား အခြေအနေ မျိုး မရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတုပ်ကွေး ဖျားနာခြင်းသာရှိပြီး အခြားသော ရောဂါများဖြစ်ပွားမှု မရှိပါ။ ကျေးရွာသူကျေးရွာသားများ စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြ သဖြင့် ပြည်တွင်းပဋိပက္ခများ မရှိပါ။ ရာသီကူးပြောင်းမှုများတွင် ကြက်တုပ်ကွေး၊ ကြက်နာရောဂါ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။ လမ်းပန်း ဆက်သွယ်ရေး အခြေအနေ ကောင်းမွန်ပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	**ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)			**စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျော ညီထွေဖြစ်အောင် အစီအမံများ**		
	သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁	လူငယ်						
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု						
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျော ညီထွေဖြစ်အောင် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်း နေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန် အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီး အသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှု ရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် မပြေလည်သည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြား အိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစား လွယ်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁ □ ၂ ☑ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး၊ နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း□ သင့်☑ ညံ့□
၂	သာရေး၊ နာရေး အသင်း	၁ □ ၂ ☑ ၃ □	၈	၄	၁၂	ပညာရေး□ ငွေကြေး□ ကျန်းမာရေး □ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး၊ နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများ ပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များ အားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲ မရှိစေရန် အလေးထား ဆောင်ရွက်နေပါသည်။ အုပ်ချုပ်ရေး၊ ရပ်မိ/ဖ၊ လူမှုကူညီရေးအဖွဲ့၊ ကာလသား၊ ကာလသမီးအဖွဲ့များသည် ကျေးရွာ၏ သာရေး နာရေးနှင့် အခြားသော ပရဟိတ လုပ်ငန်းများတွင် အတူတကွ စုပေါင်း လုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်စ်မြန်မာ	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐
၂	BG	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐
၃	World Vision	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑
၄	HANA	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐
၅	IBK	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သော ပြင်ပအဖွဲ့အစည်းနှင့် ငွေစုငွေချေးအဖွဲ့များလည်း ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၈၅		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၃		တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၀၀၀**		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားပြီး အများစုသည် နေ့စား ကျပန်း အလုပ်သမားများ ဖြစ်ကြပါသည်။ စိုက်ပျိုးမြေ အနည်းငယ်သာ ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)	**လွန်ခဲ့သော(၁၀) နှစ်က အခြေအနေ** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၆	လက်င်ရေတွင်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
၈	ချောင်းရေ	၆၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် ☑ မဖြေဆိုပါ □	ရှိ ☑ မရှိ □ မဖြေဆိုပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး

ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာရှိ လယ်ယာမြေများသည် အနည်းငယ်သာ ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)	ထိခိုက်သက်ရောက်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၆၀	တင်း	၅၀	၇၀	၆၀	ဇွန်	စက်တင်ဘာ	မြင့်□ လတ်☑ နိမ့် □	မြင့်□ လတ်☑ နိမ့် □	မြင့်□ လတ်□ နိမ့် ☑
-	-	-	-	-	-	-	-	မြင့် □ လတ်☑ နိမ့် □	မြင့်□ လတ်☑ နိမ့် □	မြင့်□ လတ်□ နိမ့် ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် စိုက်ကေအနည်းငယ်ကို မိုးစပါးသာ အဓိက စိုက်ကြသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁	–	–	
လက်တွန်းထွန်စက်	၃	–	–	
အစေ့ချ ကိရိယာ	–	–	–	
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	
ရိတ်သိမ်းစက်	–	–	–	
ခြွေလှေ့စက်	–	–	–	
ရေစုပ်စက်	–	–	–	
ခြေနင်းရေတင်စက်	–	–	–	
မြက်ရိတ်စက်	-	–	–	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**
လေ့လာတွေ့ရှိချက်။ ။ အလယ်ရွာကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်နှင့် လက်တွန်းထွန်စက်သာ အသုံးပြုဆောင်ရွက်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☑ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ နှင့် အခြား ဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင် သည် ☑ မဖြေဆိုပါ ☐
ရာသီဥတုအခြေအနေ ပြောင်းလဲမှု (အပူချိန်၊ မိုးရွာသွန်းမှု)	စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှု အသင့်အတင့်ရှိပါသည်။

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး**

ဌာနများ။

